Message Nine

## အဆင့်သုံးဆင့်၌ရှိသော ခရစ်တော်၏ပြည့်စုံသောအမှုတော်

ဖတ်ရန်ကျမ်း။ ။ ယော၊၁း၁၄။ ၁ကော၊၁၅း၄၅ခ။ ဗျာ၊၁း၄။ ၃း၁။ ၄း၅။ ၅း၆။ ၂း၄-၅။ ၁၉း၇-၉။ ၂၁း၂။ ၂၂း၁၇က

**I. ဘုရားသခင်ဓမ္မသစ်စီမံကိန်း၏ တုန္နိုင်းရာမဲ့သွန်သင်ခြင်းမှာ (၁တိ၊၁း၃-၄) အဆင့်သုံးဆင့် - လူ့ဇာတိခံခြင်း၊ အရာအားလုံးပါဝင်ခြင်းနှင့် အရှိန်အဟုန်မြှင့်တင်ခြင်း - အဆင့်တို့၌ရှိသော ခရစ်တော်၏ ပြည့်စုံသောအမှုတော်နှင့်စပ်လျဉ်းသည့် သွန်သင်ခြင်းဖြစ်သည်။**

A. "သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် မည်သည့်အရာဖြစ်မည်၊ ယင်းသည် မည်သို့ဖြစ်လာမည်ဟူသည်မှာ ကျွန်ုပ်တို့က ဤသွန်သင်ခြင်းကို မည်သို့ကိုင်တွယ်ခြင်းအပေါ်တွင် မူတည်သည်" (ဝစ်နက်စ်လီ)။ ဤသွန်သင်ခြင်းကို ရိုးရှင်းသောဝါကျတစ်ကြောင်းအဖြစ် အနှစ်ချုပ်နိုင်ပါသည် - "သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ ဘုရားသခင်သည် အသွေးအသားဖြစ်လာ၍၊ အသွေးအသားသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာပြီး၊ အသက်ပေးသောဝိညာဉ်တော်သည် အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်ဖြစ်လာကာ အသင်းတော်ကို တည်ဆောက်၍၊ ယင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်လာပြီး၊ ယေရုရှလင်မြို့သစ်အဖြစ် ပြီးမြောက်ပြည့်စုံလာခြင်း ဖြစ်သည်" (*The Divine and Mystical Realm*, pp. 17-18)။

B. ဘုရားသခင်နှင့်အတူ ကိုယ်တော်၏လုပ်ဖော်ဆောင်ဖက်များအဖြစ် အတူတကွ အလုပ်လုပ်ရန်အလို့ငှာ (၂ကော၊၆း၁။ ၁ကော၊၃း၉) ကျွန်ုပ်တို့သည် ခရစ်တော်ကို ကိုယ်တော်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းအဆင့်သုံးဆင့်၌ရှိသည့် ပြည့်စုံသောအမှုတော်၌ သိကျွမ်းရန်၊ တွေ့ကြုံခံစားရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် (ခရစ်တော်ကို အမြတ်ရရန် - ဖိ၊၃း၈-၁၄) လိုအပ်သည်။

**II. လူ့ဇာတိခံခြင်းအဆင့်ဖြစ်သည့် ပထမအဆင့်၌ ကိုယ်တော်၏လူသားမွေးဖွားခြင်းမှ ကိုယ်တော်အသေခံတော်မူခြင်းအထိတွင် ခရစ်တော်သည် အောက်ပါ အဓိကအရာများကို ပြီးမြောက်စေခဲ့သည်။**

A. ကိုယ်တော်၏လူ့ဇာတိခံခြင်းအဆင့်၌ ခရစ်တော်သည် အကန့်အသတ်မဲ့သောဘုရားကို အကန့်အသတ်ရှိသောလူအထဲသို့ ယူဆောင်လာခဲ့သည်။ ခရစ်တော်သည် ဗက်လင်မြို့မှ ထွက်ပေါ်လာသော်လည်း၊ ကိုယ်တော်၏ထွက်ပေါ်လာခြင်းသည် ရှေးကာလများမှ၊ ထာဝရနေ့ရက်များမှ လာခြင်းဖြစ်သည်။ ဤသည်မှာ ခရစ်တော်၏ ထာဝရမူလအစဖြစ်ခြင်းကို ရည်ညွှန်းကာ၊ သုံးပါးတစ်ပါးဘုရားသည် ထာဝရဖြစ်ခြင်းမှ အချိန်အထဲသို့ ရောက်လာရန်၊ ဗက်လင်မြို့၌ လူတစ်ဦးအဖြစ် မွေးဖွားခြင်းအားဖြင့် ကိုယ်တော်၏ဘုရားဇာတိကို လူသားဇာတိအထဲသို့ ရောက်လာရန် ပြင်ဆင်နေခဲ့ကြောင်း ရည်ညွှန်းနေသည် - မိ၊၅း၂။

B. ကိုယ်တော်၏လူ့ဇာတိခံခြင်းအဆင့်၌ ခရစ်တော်သည် သုံးပါးတစ်ပါးဘုရားကို သုံးပိုင်းရှိသောလူနှင့်အတူ ပေါင်းစည်းခြင်း၊ ရောနှောခြင်း၊ ပေါင်းစည်းပါဝင်စေခြင်း ရှိခဲ့သည် - လု၊၁း၃၅။ ၂း၄၀၊ ၅၂။ ယော၊၄း၁၀-၁၁။ ၁း၁၄။

C. ကိုယ်တော်၏လူ့ဇာတိခံခြင်းအဆင့်၌ ခရစ်တော်သည် ကိုယ်တော်၏လူသားဇာတိတွင် ပေါများကြွယ်ဝသော ဘုရားသခင်ကို ကိုယ်တော် ရန့်မွှေးကြိုင်သော ကောင်းမြတ်ခြင်းများမှတဆင့် ကိုယ်တော်၏ကြွယ်ဝသော ဂုဏ်အင်္ဂါများ၌ ထင်ရှားစေသည်။

1. လူသား-ကယ်တင်ရှင်၏ ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ သည်းခံခြင်း၊ ကရုဏာရှိခြင်း၊ နားလည်ခြင်းစသည့် လူသား ကောင်းမြတ်ခြင်းများသည် ကိုယ်တော်က အပြစ်ပြည့်ဝသောမိန်းမနှင့် မိတ်သဟာယဖွဲ့ခြင်း၌ ထင်ရှားပြသခဲ့သည်။ ကိုယ်တော်၏ဘုရားဆိုင်ရာဂုဏ်အင်္ဂါများ အထူးသဖြင့် လူတစ်ဦး၏အပြစ်များကို ခွင့်လွှတ်ရန် ဘုရားဆိုင်ရာအခွင့်အာဏာနှင့် ခွင့်လွှတ်ခံအပြစ်သားအား ငြိမ်သက်ခြင်းပေးသည့် ဂုဏ်အင်္ဂါများသည်လည်း ထင်ရှားပြသခြင်းရှိခဲ့သည် - လု၊၇း၃၆-၅၀။
2. ကောင်းသောရှမာရိလူအဖြစ် လူသား-ကယ်တင်ရှင်သည် ဂျူးလူမျိုးဓားပြများအားဖြင့် ဒဏ်ရာရရှိခဲ့သောလူထံ ထိုသူ၏ သနားဖွယ်ရာ၊ သေခါနီးအခြေအနေ၌ရှိနေရာတွင် လာရောက်ခဲ့သည်။ ကိုယ်တော်သည် သူ၏ဘုရားဇာတိနှင့်အတူ သူ၏ လူသားဇာတိ၌ စာနာသနားခြင်း ရှိခဲ့ကာ၊ ထိုသူကို နူးညံ့သည့် အနာငြိမ်းစေခြင်းနှင့် ကယ်တင်ပေးသော ဂရုစိုက်ခြင်းရှိကာ၊ သူ၏ အရေးတကြီးလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးခဲ့သည် - ၁၀း၂၅-၃၇။
3. ခရစ်တော်သည် ကားတိုင်ပေါ်အသေခံသောအခါ ကိုယ်တော်နှင့်အတူ ကားတိုင်တင်ခံရသော အပြစ်သားနှစ်ဦးမှ တစ်ဦးက "ယေရှု၊ ကိုယ်တော်သည် ကိုယ်တော်၏ နိုင်ငံတော်အထဲသို့ ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူ

ပါ”ဟု ပြောခဲ့သည်။ ယေရှုက သူ့အား “ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည်” ဟု ပြောခဲ့သည်။ ဤအရာက ကိုယ်တော်၏ ထာဝရဖြစ်သော၊ ရက်ရောစွာသော မေတ္တာသည် ကိုယ်တော်၏ပြုစုယုယသောလူသားကောင်းမြတ်ခြင်းမှတဆင့် ထင်ရှားသည့် ဘုရားဆိုင်ရာဂုဏ်အင်္ဂါကို ပြသခြင်းဖြစ်သည် - ၂၃း၄၂-၄၃။

D. ကိုယ်တော်၏လူ့ဇာတိခံခြင်းအဆင့် ခရစ်တော်သည် ကားတိုင်ပေါ် အသေခံတော်မူခြင်းမှတဆင့် ကိုယ်တော်၏ အရာအားလုံးပါဝင်သော တရားရေးဆိုင်ရာရွေးနုတ်ခြင်းကို ပြီးမြောက်ပြည့်စုံစေခဲ့သည်။
   1. ကိုယ်တော်၏တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းသည် ဘုရားသခင့်ကယ်တင်ခြင်း၏ ဖြစ်စဉ်နည်းလမ်းအဖြစ် ဘုရားသခင်၏ဖြောင့်မတ်ခြင်းအတိုင်း ဖြစ်ကာ၊ ယင်းသည် အပြစ်သားများအပေါ် ဘုရားသခင်၏ ဖြောင့်မတ်သော ပညတ်တရားတောင်းဆိုချက်များကို ကျေနပ်စေသည် - ရော၊၁း၁၇က။ ၃း၂၁-၂၆။ ၉း၃၀-၃၁။
   2. ၎င်းသည် အပြစ်သားများကို ဘုရားသခင့်ရှေ့တော်၌ ခွင့်လွှတ်ခံရခြင်း (လု၊၂၄း၄၇)၊ ဆေးကြောခံရခြင်း (ဟေဗြဲ၊၁း၃)၊ ဖြောင့်မတ်ရာသို့ရောက်စေခြင်း (ရော၊၃း၂၄-၂၅)၊ ဘုရားသခင်ထံ ပြန်လည်သင့်မြတ်စေခြင်း (၅း၁၀က)၊ ဘုရားသခင်ထံသို့ အနေအထားဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း (၁ကော၊၁း၂။ ဟေဗြဲ၊၁၃း၁၂) အတွက်ဖြစ်ကာ၊ ထိုသို့ဖြင့် အရည်အချင်းပြည့်မီသော၊ နေရာချခြင်းခံရသော ယုံကြည်သူများသည် ဘုရားသခင်၏ ရှင်သန်သော ကယ်တင်ခြင်းကို မွေ့လျော်ဝမ်းမြောက်၍ ဘုရားသခင်၏ ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းနှင့် ဘုရားသခင်၏ အဆုံးစွန်သော အကြံအစည်တော် ရရှိအောင်ခြင်းအတွက် ဘုရားသခင်၏ ပို၍မြင့်မားသော ကျေးဇူးတော်အထဲသို့ ဝင်ရောက်ရန်ဖြစ်သည် (ရော၊၅း၁၀၊ ၁၇၊ ၂၁)။

## III. ဒုတိယအဆင့်ဖြစ်သည့် ကိုယ်တော်၏အရာအားလုံးပါဝင်ခြင်းအဆင့်၊ ကိုယ်တော်ရှင်ပြန်ထမြောက်ခြင်းမှ အသင်းတော်ကျဆင်းသွားခြင်းအထိတွင် ခရစ်တော်သည် အောက်ဖော်ပြပါ အဓိကအရာများကို ပြီးမြောက်ပြည့်စုံစေခဲ့သည်။

A. ကိုယ်တော်သည် ဘုရားသခင်၏သားဦးဖြစ်ရန် ရှင်ပြန်ထမြောက်ခြင်း၌ မွေးဖွားခံရသည်။ “ဒါဝိဒ်၏မျိုးစေ့”သည် “ဘုရားသခင်၏သားတော်”ဖြစ်လာခြင်းက ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်၏သားဦးအဖြစ် ခွဲခန့်မှတ်သားခံရခြင်း ဖြစ်စဉ်ကို ဖော်ပြနေသည်။ ဤသည်မှာ ဘုရားသခင်၏ဧဝံဂေလိတရားဖြစ်ပြီး၊ ထိုအရာသို့ ပေါလုသည် ခွဲခြားထားခြင်း ခံရခြင်းဖြစ်သည် - ၁း၁-၄။
   1. လူ့ဇာတိခံခြင်းအားဖြင့် ဘုရားဇာတိ၌ ဘုရားသခင်၏တစ်ပါးတည်းသောသားတော်ဖြစ်သည့် ခရစ်တော်သည် (ယော၊၁း၁၈) ဘုရားဇာတိနှင့် ဘာမျှမသက်ဆိုင်သည့် အသွေးအသားဖြစ်သော လူသားသဘောသဘာဝကို ယူတင်ဝတ်ဆင်ခဲ့သည်။ ကိုယ်တော်၏ လူသားဇာတိ၌ ကိုယ်တော်သည် ဘုရားသခင်၏သားတော်မဟုတ်ပေ။
   2. ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကိုယ်တော်၏လူသားသဘောသဘာဝသည် သန့်ရှင်းစင်ကြယ်ခြင်း၊ မြှင့်တင်ခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်း ခံရသည်။ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏ လူသားဇာတိသည် ဘုရားဖြစ်စေခြင်း၊ “သားဖြစ်စေခြင်း” ခံရကာ၊ ယင်းမှာ ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရခြင်း၊ ဘုရားဇာတိနှင့် လူသားဇာတိနှစ်ခုလုံးနှင့်အတူ ဘုရားသခင်၏ သားဦးဖြစ်လာခြင်းကို ဆိုလိုသည် - ရော၊၈း၂၉။ တ၊၁၃း၃၃။
   3. ခရစ်တော်၌ သန့်ရှင်းခြင်း၏ ဝိညာဉ်တော်ဖြစ်သော ဘုရားဇာတိသည် ကိုယ်တော်အသေခံခြင်း၌ ပြုပြင်လုပ်ဆောင်ခြင်းဖြစ်လာပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် ဘုရားသခင်၏သားဦးနှင့် အသက်ပေးသောဝိညာဉ်တော် ဖြစ်ရန် “ဖူးပွင့်”လာခဲ့ကာ၊ ကိုယ်တော်၏ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပြီး၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏များစွာသော ညီများဖြစ်စေသည် - ရော၊၁း၄။ ၈း၂၉။ ၁ကော၊၁၅း၄၅ခ။
   4. ပုံစံနမူနာသည် ဘုရားသခင်၏ သားဦးဖြစ်ပြီး၊ ပုံတူပွားထုတ်လုပ်ခြင်းသည် ဘုရားသခင်၏များစွာသော သားများဖြစ်ကြကာ၊ ပုံစံနမူနာ၏ အင်္ဂါဝင်များဖြစ်၍၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန်ဖြစ်သည် - ကော၊၁း၁၈။ ၁ပေ၊၁း၃။
   5. ခရစ်တော်သည် ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရပြီးဖြစ်သည်၊ သို့သော် ကျွန်ုပ်တို့သည် ခွဲခန့်မှတ်သားခံရခြင်းဖြစ်စဉ်၌၊ “သားအရာဖြစ်စေခြင်း”၊ ဘုရားဖြစ်စေခြင်း ဖြစ်စဉ်၌ ရှိနေကြဆဲဖြစ်သည် - ရော၊၈း၂၈-၂၉။

a. ရှင်ပြန်ထမြောက်ခြင်း၌ လူသားဇာတိတွင်ရှိသော ခရစ်တော်သည် ဘုရားသခင်၏သားတော်အဖြစ် ခွဲခန့်မှတ်သားခံရကာ၊ ထိုသို့သော ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏သားများအဖြစ် ခွဲခန့်မှတ်သားခံရခြင်း ဖြစ်စဉ်၌ ရှိနေကြသည် - အငယ်၊ ၁၁။
b. ခွဲခန့်မှတ်သားခံရခြင်း ဖြစ်စဉ်အဖို့ သော့ချက်မှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်ပြီး၊ ယင်းသည် နိုးထစေသောဝိညာဉ်တော်၊ ခွဲခန့်မှတ်သားပေးသောဝိညာဉ်တော်၊ ကျွန်ုပ်တို့ဝိညာဉ်၌ အသက်၏တန်ခိုးတော် အဖြစ် ကိန်းဝပ်နေသော ခရစ်တော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်အတိုင်း မည်သို့လျှောက်လှမ်းရန်၊ ခွဲခန့်မှတ်သားပေးသော ဝိညာဉ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်နှင့် တွေ့ကြုံခံစားရန် သင်ယူဖို့ အရေးတကြီး လိုအပ်နေသည် - ယောဟ၊ ၁၁း၂၅။ ရော၊ ၈း၁၀-၁၁။ တ၊ ၂း၂၄။ ၁ကော၊ ၁၅း၂၆။ ၅း၄။ ရော၊ ၈း၄၊ ၆၊ ၁၄။

B. နောက်ဆုံးသောအာဒံဖြစ်သည့် လူ့ဇာတိခံသောခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာသည် - ၁ကော၊ ၁၅း၄၅ခ။ ဘော၊ ၆း၆၃။ ၂ကော၊ ၃း၆။

1. *အရာအားလုံးပါဝင်ခြင်း* ဟူသော စကားလုံးကို ကျွန်ုပ်တို့အသုံးပြုခြင်းသည် *အရာအားလုံးပါဝင်သော* ဟူသောကျွန်ုပ်တို့ အသုံးပြုသည့်စကားလုံးအပေါ် အခြေခံထားသည် - နောက်ဆုံးသောအာဒံအဖြစ် ခရစ်တော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်လာခြင်းမှာ ကိုယ်တော်သည် အရာအားလုံးပါဝင်သော ဝိညာဉ်တော်ဖြစ်လာခြင်းဖြစ်သည် - ဖိ၊ ၁း၁၉။
2. နျူမက်တစ်ခရစ်တော်ဖြစ်သော အသက်ပေးသောဝိညာဉ်တော်ကို အသက်၏ဝိညာဉ်တော် (ရော၊ ၈း၂)၊ ယေရှု၏ဝိညာဉ်တော် (တ၊ ၁၆း၇)၊ ယေရှုခရစ်၏ဝိညာဉ်တော် (ဖိ၊ ၁း၁၉)နှင့် သခင်ဘုရားဝိညာဉ်တော် (၂ကော၊ ၃း၁၈) ဟူ၍လည်း ခေါ်ဆိုသည်။
3. အသက်ပေးသောဝိညာဉ်တော်အဖြစ် အရာအားလုံးပါဝင်ခြင်းအဆင့်၌ရှိသော ခရစ်တော်၏အမှုတော်ကို ရောမ ၈ တွင် ဖွင့်ပြထားပြီး၊ ယင်း၌ အသက်၏ဝိညာဉ်တော်တရားအဖြစ် သုံးပါးတစ်ပါးဘုရား၏ အသက်သည် ကျွန်ုပ်တို့၏ သုံးပိုင်းရှိသော ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးကာ၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏ထင်ရှားခြင်းအတွက် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းငှာ ဘုရားသခင်၏သားများနှင့် ခရစ်တော်၏အင်္ဂါဝင်များဖြစ်ရန် အသက်၏လူများဖြစ်စေပြီး၊ ထိုသို့ဖြင့် ဘုရားသခင်၏မူလအစ ရည်ရွယ်ချက်ကို ပြီးပြည့်စုံစေသည် - က၊ ၂း၇၊ ၉။ ရော၊ ၈း၁၄။ ၁၂း၅။
   a. "အသက် (ဂရိ- ဇိုးအီ) ၏ဝိညာဉ်တော် တရားသည် အပြစ်တရားနှင့် သေခြင်းတရား၏ လက်မှ ငါ့ကို ခရစ်တော်ယေရှု၌ ကယ်လွှတ်ပြီ" - ၈း၂။
   b. "ခရစ်တော်သည် သင်တို့အထဲ၌ ရှိတော်မူလျှင်၊ ကိုယ်ခန္ဓာသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း၊ ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက် (ဂရိ-ဇိုးအီ) ဖြစ်၏" - အငယ်၊ ၁၀။
   c. "အသိဉာဏ်ကို ဝိညာဉ်အပေါ် ထားရှိခြင်းသည် အသက် (ဂရိ-ဇိုးအီ) နှင့် ငြိမ်သက်ခြင်းဖြစ်၏" - အငယ်၊ ၆။
   d. "ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရား၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ ကိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သော သင်တို့၏ ကိုယ်ခန္ဓာများကိုလည်း အသက် (ဂရိ-ဇိုးအီ) ပေးတော်မူမည်" - အငယ်၊ ၁၁။

C. ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် ကိုယ်တော်၏ကိုယ်ခန္ဓာတော်အတွက် ယုံကြည်သူများကို အသစ်မွေးဖွားပေးသည် - ၁ပေ၊ ၁း၃။

1. နျူမက်တစ်ခရစ်တော်သည် ဘုရားသခင်၏သားဦးနှင့် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာပြီး၊ ယင်းသည် ယုံကြည်သူများကို အသစ်မွေးဖွားခြင်း၊ သူတို့ကို ယေရှုခရစ်ကို သေခြင်းမှ ရှင်ပြန်ထမြောက်စေခြင်းမှတဆင့် စကြဝဠာဆိုင်ရာ တစ်ခုတည်းသော ကြီးမားသည့် မွေးဖွားခြင်း၌ ကိုယ်တော်နှင့်အတူ ဘုရားသခင်မွေးဖွားခဲ့သော များစွာသော ဘုရား၏သားများဖြစ်စေခြင်းအတွက်ဖြစ်သည်။

2. ခရစ်တော်၏ယုံကြည်သူများအားလုံးသည် ဝိညာဉ်တော်တစ်ပါးတည်း၌ ခရစ်တော်၏တစ်ကိုယ်တည်းသောကိုယ်ခန္ဓာတော်အထဲသို့ ဗတ္တိဇံခံခဲ့ကြပြီဖြစ်ကာ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ဤဝိညာဉ်တော်တစ်ပါးတည်းကို သောက်သုံးခဲ့ကြပြီဖြစ်သည် - ၁ကော၊၁၂း၁၃။
3. ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် ဘုရားသခင်၏စကားများကို ပြောဆိုခြင်းမှတဆင့် အရာအားလုံးပါဝင်သော အသက်ပေးသောဝိညာဉ်တော်အဖြစ် မိမိကိုယ်တော်တိုင်ကို အတိုင်းအဆမရှိ ပေးအပ်ခဲ့သည် - ယော၊၃း၃၄။

**IV. အရှိန်အဟုန်မြှင့်တင်ခြင်းအဆင့်ဖြစ်သည့် တတိယအဆင့်၊ အသင်းတော်ကျဆင်းခြင်းမှ ယေရုရှလင်မြို့သစ် ပြီးမြောက်ပြည့်စုံခြင်းအထိတွင် ခရစ်တော်သည် ကိုယ်တော်၏ ရှင်သန်သောကယ်တင်ခြင်းကို အရှိန်အဟုန်မြှင့်တင်ပြီး၊ အောင်မြင်သောသူများကို ထုတ်လုပ်ကာ၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေသည်။**

A. အသင်းတော်၏ကျဆင်းခြင်းကြောင့် အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ဝိညာဉ်တော်ခုနစ်ပါး - အရှိန်အဟုန်ခုနစ်ဆမြှင့်တင်ထားသည့် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာရန် ခုနစ်ဆ အရှိန်အဟုန်မြှင့်တင်ခဲ့ပြီဖြစ်သည် - ဗျာ၊၁း၄။ ၃း၁။ ၄း၅။ ၅း၆။

B. အရှိန်ခုနစ်ဆမြှင့်တင်ထားသော အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ယုံကြည်သူများကို အောက်ပါတို့မှ ကယ်တင်ရန် ကိုယ်တော်၏ရှင်သန်သောကယ်တင်ခြင်းကို အရှိန်အဟုန်မြှင့်တင်ခဲ့သည်။

1. ဧဖက်မြို့၌ရှိသော အသင်းတော်ရှိ သမားရိုးကျအသင်းတော်အသက်တာနှင့် သခင်ဘုရားထံသို့ ရှေးဦးမေတ္တာ၊ မီးခုံတိုင်၏ထွန်းလင်းနိုင်သော စွမ်းရည်နှင့် ခရစ်တော်ကို အသက်အဖြစ် မွေ့လျော်ဝမ်းမြောက်မှု လျော့နည်းခြင်း - ၂း၁-၇။
2. စမုရနမြို့၌ရှိသောအသင်းတော်ရှိ ဒုတိယသေခြင်းကို မြည်းစမ်းရခြင်းသို့ဦးဆောင်သည့် ရှုံးနိမ့်မှု - အငယ်၊၈-၁၁။
3. ပေရဂံမြို့၌ရှိသောအသင်းတော်ရှိ လောကနှင့် လက်ထပ်ခြင်းအဖြစ် ရောနှောပေါင်းစည်းခြင်း၌ လောကဆန်ခြင်း၊ ဗာလမ်နှင့် နိကောလတပည့်တို့၏သွန်သင်ခြင်း - အငယ်၊၁၂-၁၇။
4. သွာတိရမြို့၌ရှိသောအသင်းတော်အားဖြင့် ပုံဆောင်ထားသည့် ကာသိုလစ်ဝါဒရှိ မတရားသောမေထုန်ပြုခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ နတ်ဆိုးဆိုင်ရာသွန်သင်ခြင်းနှင့် စာတန်ဆိုင်ရာ နက်နဲခြင်းများ - အငယ်၊၁၈-၂၉။
5. သာဒိမြို့ရှိသောအသင်းတော်အားဖြင့် ပုံဆောင်သည့် ပရိုတက်စတန့်ဝါဒရှိ ဝိညာဉ်ရေးရာသေခြင်း - သေခြင်းနှင့် သေလုနီးပါးဖြစ်ခြင်း - ၃း၁-၆။
6. ဖိလဒေလဖိမြို့၌ရှိသောအသင်းတော်အားဖြင့် ပုံဆောင်သည့် ညီအစ်ကိုများအသင်းဝါဒ၌ ရရှိခဲ့ပြီးသောအရာဖြစ်သည့် သရဖူကို ဆုံးရှုံးခြင်း - အငယ်၊၇-၁၃။
7. လောဒိကိမြို့၌ရှိသောအသင်းတော်အားဖြင့် ပုံဆောင်သည့် ကျဆင်းသွားသော ညီအစ်ကိုများအသင်းဝါဒ၌ မပူမအေးဖြစ်ခြင်းနှင့် ခရစ်တော်ကင်းမဲ့နေခြင်း - အငယ်၊၁၄-၂၂။

C. ကျွန်ုပ်တို့သည် အောင်မြင်သောသူများဖြစ်လိုလျှင် သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏ ရှေးဦးမေတ္တာကို ပြန်လည်ရယူခြင်း၊ စောင့်ထိန်းခြင်းနှင့် တိုးတက်လာစေခြင်း ရှိရမည်။

1. ရှေးဦးမေတ္တာကို စွန့်လွှတ်ခြင်းသည် ခေတ်များတစ်လျှောက် အသင်းတော်ကျဆင်းခြင်းအတွက် အရင်းအမြစ်နှင့် အဓိကအကြောင်းရင်း ဖြစ်သည် - ၂း၄-၅။
2. သခင်ယေရှုကို ရှေးဦးမေတ္တာဖြင့် ချစ်ခြင်းသည် အရာခပ်သိမ်း၌ ကိုယ်တော်ကို ပထမနေရာပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အရာခပ်သိမ်း၌၊ အကြောင်းကိစ္စအားလုံး၌ ပထမနေရာ၊ အဦးဆုံးနေရာပေးရမည်၊ ကိုယ်တော်ကို ကျွန်ုပ်တို့အသက်တာရှိ အရာခပ်သိမ်းအဖြစ် မှတ်ယူရန် လိုအပ်သည် - ကော၊၁း၁၈ခ။
3. ကျွန်ုပ်တို့သည် သခင်ဘုရားထက် ကျွန်ုပ်တို့၏စိတ်အသက်အပါအဝင် မည်သူ့ကိုမျှ သို့မဟုတ် မည်သည့်အရာကိုမျှ မချစ်ရပါ - မ၊၁၀း၃၇-၃၉။ ဗျာ၊၁၂း၁၁။

D. ကျွန်ုပ်တို့သည် အရှိန်ခုနစ်ဆမြှင့်တင်ထားသော နျူမက်တစ်ခရစ်တော်၏ စကားပြောခြင်းအားဖြင့်လည်းကောင်း၊ အောင်မြင်သောသန့်ရှင်းသူများက သူတို့၏ဝိညာဉ်၌ အသက်ရှင်ခြင်းအားဖြင့်လည်းကောင်း ကျဆင်းခြင်းမှ ကယ်တင်ခံရကြသည် - ၂း၁၊၇။ ၁း၁၀။ ၄း၂။ ၁၇း၃။ ၂၁း၁၀။

E. ခရစ်တော်၏ အရှိန်အဟုန်ခုနစ်ဆမြှင့်တင်ထားသော ကောင်းကင်ဆိုင်ရာအမှုတော်သည် ခရစ်တော်အတွက် သတို့သမီးကို ပြင်ဆင်ခြင်း (၁၉း၇-၉)၊ သတို့သမီးစစ်တပ်ကို ဖွဲ့စည်းခြင်း (အငယ်၊၁၁-၂၁။ ၁၇း၁၄)၊ စာတန်ကို ချည်နှောင်ခြင်း (၂၀း၁-၃)၊ ခရစ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာခြင်း (အငယ်၊၄-၆) နှင့် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေခြင်း (၂း၇။ ၂၁း၂) တို့ကို ပြီးပြည့်စုံစေခြင်းအတွက် ဖြစ်သည်။

F. နောက်ဆုံးသောရလဒ်မှာ အဆင့်ဆင့်ဖြတ်ကျော်သောသုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းအဖြစ် အဆုံးစွန် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်သည် သတို့သားဖြစ်လာပြီး၊ အောင်မြင်သောသန့်ရှင်းသူစုစုပေါင်းသည် ကျမ်းစာတစ်ခုလုံး၏ အနှစ်ချုပ်အဖြစ် ရွေးနုတ်သောဘုရား သခင်နှင့် ရွေးနုတ်ခံလူတို့အကြား စကြဝဠာဆိုင်ရာ ချစ်ဇာတ်လမ်း၏ သတို့သမီး ဖြစ်လာခြင်းဖြစ်သည် - ၂၂း၁၇က။

G. ကျွန်ုပ်တို့သည် ဤအရှိန်အဟုန်မြှင့်တင်ခြင်းအကြောင်းအရာကို ဆင်ခြင်ပြီး၊ သခင်ဘုရားထံသို့ အပြင်းအထန် ဆုတောင်းကာ "ကျွန်ုပ်သည် အရာအားလုံးပါဝင်ခြင်းမှ အရှိန်အဟုန်မြှင့်တင်ခြင်းသို့ တိုးတက်လိုပါသည်။ သခင်၊ ကိုယ်တော်သည် အရှိန်ခုနစ်ဆ မြှင့်တင်ခဲ့ပါပြီ၊ ကျွန်ုပ်သည်လည်း အသင်းတော်ကျဆင်းခြင်းကို အောင်မြင်ရန် အရှိန်ခုနစ်ဆ မြှင့်တင်ခြင်းခံလိုပါသည်၊ ထိုသို့ဖြင့် ကိုယ်ခန္ဓာတော်သည် တည်ဆောက်ခြင်းရှိ၍ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေနိုင်ပါမည်"ဟု ပြောရန် လိုအပ်သည် (*Incarnation, Inclusion, and Intensification*, p. 22)။

*© 2023 Living Stream Ministry*